**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်**

**အမှတ်၊ ၃ / ၂၀၁၈**

**နေပြည်တော်၊ ၁၃၈၀ပြည့်နှစ်၊ နတ်တော်လဆန်း ၄ ရက်**

**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)**

**ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် လုပ်ငန်းများ၏ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်ခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ၊ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့်လုပ်ငန်းများမှ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် တွက်ချက်ခြင်းနှင့် စပ်လျဉ်း၍ မည်သို့လိုက်နာကျင့်သုံးရမည်ကို ရှင်းလင်းစွာ သိရှိနိုင်စေရန်အတွက် ထုတ်ပြန်သတ်မှတ်ရခြင်း ဖြစ်ပါသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၂။ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်ရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက မည်သို့ကျင့်သုံးဆောင်ရွက်ကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၃။ ဤလိုက်နာကျင့်သုံးရန် ထုတ်ပြန်သတ်မှတ်ချက်သည် ကုန်စည်ရောင်းချသူ သို့မဟုတ် ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုရယူသူ အခွန်ထမ်းများအပေါ် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့်ကုန်စည်ကို ပြန်လည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ခြင်းဖြစ်ပါက ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူက ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီ ရောင်းရငွေ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီရငွေနှင့်အတူ ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံမှ အခွန်ကိုတစ်ပါတည်းကောက်ခံပြီး ပေးဆောင်ရန် တာဝန်ရှိပါသည်။

**လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်**

၅။ လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ်တွင် ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို တစ်ပါတည်းကောက်ခံရာတွင် ပြေစာ (invoice) ၌ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေနှင့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်တို့ကို သီးခြားစီဖော်ပြထားခြင်း သို့မဟုတ် စုစုပေါင်းကျသင့်ငွေ ပမာဏကိုသာ ဖော်ပြထားခြင်းများဖြစ် နိုင်ပါသည်။ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို ယင်းသို့ ခွဲခြားဖော်ပြထားသည်ဖြစ်စေ၊ ခွဲခြားဖော်ပြ ထားခြင်းမရှိသည်ဖြစ်စေ အခွန်ပါပြီး ရောင်းရငွေ သို့မဟုတ် အခွန်ပါပြီး ဝန်ဆောင်မှုရငွေ (including tax) အဖြစ် သတ်မှတ်ပါသည်။ သို့ဖြစ်၍ ပြေစာ (invoice) တွင် ဖော်ပြထားသည့် စုစုပေါင်းရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ အပေါ်တွင် အောက်ပါအတိုင်း ကုန်သွယ် လုပ်ငန်းခွန် တွက်ချက်ရပါမည် -

$$\text{ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်} = \text{အခွန်ပါပြီးရောင်းရငွေ} \times \frac{\text{အခွန်ရာခိုင်နှုန်း}}{\text{၁၀၀} + \text{အခွန်ရာခိုင်နှုန်း}}$$

$$= \text{အခွန်ပါပြီးရောင်းရငွေ} \times \frac{\text{၅ ရာခိုင်နှုန်း}}{\text{၁၀၀} + \text{၅ ရာခိုင်နှုန်း}}$$

$$= \frac{\text{အခွန်ပါပြီးရောင်းရငွေ}}{\text{၂၁}}$$

၆။ ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် အောက်ပါဥပမာဖြစ်စဉ်ဖြင့် ရှင်းလင်းဖော်ပြပါသည် -

(က) **နမူနာ - ၁**

(၁) **ဖြစ်စဉ်။** ကုမ္ပဏီ A သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အခွန်မပါကုန်စည်ရောင်းရငွေစုစုပေါင်း ကျပ် ၂၀၀,၀၀၀,၀၀၀/- ရရှိခဲ့ပါသည်။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ရောင်းရငွေနှင့်အတူ တစ်ပါတည်း ကောက်ခံရရှိခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်မှာ ကျပ် ၁၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။ သို့ဖြစ်၍ အခွန်ပါပြီး စုစုပေါင်းရောင်းရငွေမှာ ကျပ် ၂၁၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။ အခွန်မပါ ရောင်းရငွေနှင့် ယင်းအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်တို့ကို အရောင်းပြေစာများတွင် ခွဲခြားဖော်ပြထားပါသည်။

(၂) **လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ကုမ္ပဏီ A ၏ အခွန်ပါပြီးကုန်စည်ရောင်းရငွေစုစုပေါင်းကျပ် ၂၁၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို ကျင့်သုံး၍ ကုမ္ပဏီ A က ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်ရာတွင် အခွန်ပါပြီး ကုန်စည်ရောင်း

ရငွေ စုစုပေါင်း ကျပ် ၂၁၀,၀၀၀,၀၀၀/- ကို ၂၁ ဖြင့် စားခြင်းအားဖြင့် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၁၀,၀၀၀,၀၀၀/- ရရှိမည် ဖြစ်ပါသည်။

(ခ) **နမူနာ - ၂**

(၁) **ဖြစ်စဉ်။** ဝန်ဆောင်မှုကုမ္ပဏီ B သည် ဝန်ဆောင်မှုရငွေနှင့်စပ်လျဉ်းသည့် ပြေစာတွင် ဝန်ဆောင်မှုရငွေနှင့် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခွဲခြားဖော်ပြထားခြင်း မရှိဘဲ စုစုပေါင်းကျသင့်ငွေကိုသာ ဖော်ပြထားပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြေစာအရ ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ် ၄၂၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။

(၂) **လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ကုမ္ပဏီ B ၏ ဝန်ဆောင်မှုရငွေ စုစုပေါင်းမှာ ကျပ် ၄၂၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။ ဝန်ဆောင်ခကျသင့်ငွေနှင့် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ခွဲခြားဖော်ပြထားခြင်း မရှိသော်လည်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ပြဋ္ဌာန်းချက်အရ စုစုပေါင်းဝန်ဆောင်မှုရငွေတွင် အခွန်ပါပြီးဟုမှတ်ယူရမည် ဖြစ်ပါသည်။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကိုကျင့်သုံး၍ ကုမ္ပဏီ B က ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန် တွက်ချက်ရာတွင် ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ် ၄၂၀,၀၀၀,၀၀၀/- ကို ၂၁ ဖြင့်စားခြင်းအားဖြင့် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၂၀,၀၀၀,၀၀၀/- ရရှိမည် ဖြစ်ပါသည်။

၇။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

(မင်းထွန်း)
ညွှန်ကြားရေးမှူးချုပ်
26.12.2018

စာအမှတ်၊ ၁(၃)/ ဥစ-၁/ ပတခ/ ၂၀၁၈ (၁၂၅၉၄)

ရက်စွဲ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ လ ၂၆ ရက်

**<u>ဖြန့်ဝေခြင်း</u>**

မြန်မာနိုင်ငံစာရင်းကောင်စီ

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)

ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)

| | |
|---|---|
| ဌာနမှူး၊အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး<br>ဌာနမှူး၊အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁၊၂)၊ (၃)<br>တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)<br>ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး | သက်ဆိုင်ရာအခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။ |

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ